

# ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများကို အသုံးပြုပုံ

rtd-denver.com | 303.299.6000 | customercare@rtd-denver.com

ဒင်ဗာမြို့ပြအရပ်၌အများသုံးသယ်ယူပို့ဆောင်ရေးပြုလုပ်ပေးသည့် RTD သည် လူမှုအသိုက်အဝန်းအား ဘတ်စကား၊ (မသန်စွမ်းသူများအတွက်) Access-a-Ride၊ FlexRide ကဲ့သို့ ရပ်ကွက်အတွင်းတစ်နေရာမှတစ်နေရာပို့ပေးသည့်ယာဉ်များ၊ အခြား ယာဉ်များတို့နှင့် ချိတ်ဆက်ပေးပါသည်။ သင်၏သယ်ယူပို့ဆောင်ရေးလိုအပ်ချက်များဖြည့်ဆည်းရန် RTD အားကူညီခွင့်ပြုပါ။

## ယာဉ်စီးခလျှော့ဈေးအစီအစဉ်များ

သင်နှင့်သင့်မိသားစုသည် လျှော့ဈေးရရှိရန် အကျုံးဝင်နိုင်ပါသည်။ အောက်ပါတို့အတွက် လျှော့ဈေးရရှိနိုင်ပါသည်-

| ဝင်ငွေနည်းသူများ | သက်ကြီးရွယ်အိုများ (အသက် ၆၅+) | မသန်စွမ်းသူများ | လူငယ် (အသက် ၁၉ နှစ်နှင့်အောက်)* |
|---|---|---|---|

**rtd-denver.com/discount-fares တွင် ယာဉ်စီးခလျှော့ဈေးရရှိနိုင်မှုနှင့်လျှောက်ထားပုံအကြောင်း ပိုမိုလေ့လာပါ။**

* အသက် ၁၉ နှစ်နှင့်အောက် လူငယ်များသည် Zero Fare for Youth (လူငယ်များအတွက်အခမဲ့) အစီအစဉ်၏ ကျေးဇူးကြောင့် အခမဲ့စီးနိုင်ပါသည်။

## လက်မှတ်များနှင့် ယာဉ်စီးခွင့်များ ဝယ်ယူပုံ

ဘတ်စကား သို့မဟုတ် ရထားဖြင့် ခရီးသွားသည့်အခါ RTD လက်မှတ်များနှင့် ယာဉ်စီးခွင့်များကိုဝယ်ယူရန်လွယ်ကူပါသည်။ (၃ နာရီ၊ နေ့စဉ်၊ သို့မဟုတ် လစဉ်) သင်၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် ယာဉ်စီးခကို ရွေးချယ်ပါ။ လိုရာသွားနိုင်ပါပြီ။




### လက်မှတ်များနှင့် ယာဉ်စီးခွင့်များ ဝယ်ယူရန်နေရာ

- ဘူတာရုံအားလုံးရှိလက်မှတ်ရောင်းသည့်စက်များ
- ယာဉ်မောင်းသမား (ငွေသားသုံးပါက ငွေပမာဏအတိအကျပေးပါ)
- rtdonlinestore.com ၌
- RTD အရောင်းဌာနများ
- လက်မှတ်ရောင်းပေးသည့် King Soopers နှင့် Safeway ဆိုင်များ

### သင်၏ စမတ်ဖုန်းရှိ RTD

လက်မှတ်ဝယ်ရန်အလွယ်ကူဆုံးနေရာမှာ သင်၏စမတ်ဖုန်းဖြစ်သည်။ IOS သို့မဟုတ် Android အတွက် **RTD MyRide** အက်ပ်ကို ဒေါင်းလုဒ်လုပ်ရန် ညာဘက်ရှိ QR ကုဒ်ကို စကင်းဆွဲပါ။

**rtd-denver.com ၌ RTD ဝန်ဆောင်မှုများလေ့လာခြင်း၊ ခရီးစီစဉ်ခြင်းနှင့် အခြားအရာများကို ပြုလုပ်ပါ။**

## သင့်ခရီးကို စီစဉ်ပါ

သင့်ခရီးအစမှအဆုံးစီစဉ်ရန်၊ ဘတ်စကား သို့မဟုတ် ရထားရောက်နေသည့်နေရာကို ကြည့်ရန်၊ သို့မဟုတ် နှောင့်နှေးမှုနှင့် ခရီးစဉ်ဖျက်သိမ်းမှုတို့ကို အချိန်နှင့်တပြေးညီကြည့်ရန် ([app.rtd-denver.com/nextride](app.rtd-denver.com/nextride)) RTD **Next Ride** ကိရိယာကို သုံးပါ။

## ဘတ်စကားစီးပါ




### အထောက်အကူပြုသည့် အကြံပြုချက်များ

- မှတ်တိုင်သို့ စောစောလာပါ။
- ကားရောက်လျှင်၊ သင်စီးလိုသည့်လမ်းကြောင်းနှင့်ခရီးပန်းတိုင်ဖြစ်ကြောင်း သေချာရန် ကားအရှေ့အပေါ်ဘက်ရှိ ဒစ်ဂျစ်တယ်စာသားကို ကြည့်ပါ။
- ကားပေါ်တက်ပြီးယာဉ်စီးခကို အကြွေအတိအကျ၊ တရားဝင်လက်မှတ်၊ ယာဉ်စီးခွင့်၊ MyRide ကတ် သို့မဟုတ် မိုဘိုင်းလက်မှတ်ဖြင့် ပေးပါ။
- MyRide ကတ် သို့မဟုတ် မိုဘိုင်းလက်မှတ်အသုံးပြုပါက လက်မှတ်စစ် စက်ဖြင့် စကင်းဖတ်ပါ။
- ခရီးပန်းတိုင်နားချဉ်းကပ်လာသည့်အခါ ကြိုးအဝါကိုဆွဲပါ၊ သို့မဟုတ် ကားရပ်ပေးဖို့တောင်းဆိုရန် ခလုတ်နှိပ်ပါ။
- တတ်နိုင်သည့်အခါ အနောက်တံခါးမှဆင်းပါ။

## ရထားပေါ်ခုန်တက်လိုက်ပါ



### အထောက်အကူပြုသည့် အကြံပြုချက်များ

- ဘူတာရုံသို့လာပါ။ နောက်ရထားကို ဒစ်ဂျစ်တယ်စာသားများ သို့မဟုတ် Next Ride ၌ ကြည့်ပါ။
- လက်မှတ်ရောင်းသည့်စက်၌ လက်မှတ် (သို့) စီးခွင့်ဝယ်ပါ။ (သို့) ရထားပေါ် မတက်မီ မိုဘိုင်းလက်မှတ် (သို့) စီးခွင့်ကို အသင့်လုပ်ထားပါ။
- ပုံနှိပ်ထုတ်လိုက်သည့်သင့်လက်မှတ်ကို အနီရောင် "V" စက်များတွင် စစ်ပါ၊ သင့် MyRide ကတ်ပြားကို အနီနှင့်ငွေရောင်စက်များတွင် စစ်ဆေးပါ။ (သို့) သင့်မိုဘိုင်း လက်မှတ်ကို အသုံးပြုနိုင်အောင်ပြုလုပ်ပါ။ လက်မှတ်ရောင်းသည့်စက်မှ လက်မှတ် ဝယ်ပါက လက်မှတ်စစ်ရန် မလိုပါ။
- ရထားစောင့်ရန် အဝါရောင်မျဉ်းအနောက်တွင် ရပ်ပါ။
- သင့်ခရီးပန်းတိုင်အနားရောက်သည့်အခါ ဒစ်ဂျစ်တယ်စာသားများကို ကြည့်ပါ၊ သို့မဟုတ် ကြေညာသံကို နားထောင်ပါ။

## ဘတ်စကားများနှင့် ရထားများပေါ်တွင် ဘေးကင်းစွာနေပါ

တစ်ခုခုမြင်ပါက၊ တစ်ခုခုပြောပါ။ RTD စနစ်၌ သို့မဟုတ် ၎င်း၏အနီးတဝိုက်၌ ဘေးကင်း လုံခြုံရေးနှင့်ပတ်သက်သည့် စိုးရိမ်ဖွယ်ရာများကို သတင်းပေးရန် RTD **Transit Watch** အက်ပ်ကို ဒေါင်းလုဒ်လုပ်ရန် ဘယ်ဘက်ရှိ QR ကုတ်ကို စကင်းဖတ်ပါ။ လုံခြုံရေးအတွက် စိုးရိမ်ဖွယ်ရာများကို သတင်းပေးရန် 303.299.2911 ကိုဖုန်းဆက်ပါ၊ (သို့) 303.424.9100 ထံ စာတိုပို့ပါ။ ပိုမိုလေ့လာရန် [rtd-denver.com/transitwatch](rtd-denver.com/transitwatch) တွင် ဝင်ရောက်ကြည့်ရှုပါ။

## အကူအညီနှင့် ဘာသာစကား အထောက်အကူ

RTD အကြောင်းမေးစရာများအတွက် 303.299.6000 သို့ဖုန်းခေါ်ပါ။ ဖောက်သည်ဝန်ဆောင်မှုဌာနမှဖြေကြားပေးပါမည်။ စကားပြန်ဝန်ဆောင်မှုများကို ဘာသာစကား ၂၀၀ ကျော်ဖြင့် အခမဲ့ ရရှိနိုင်ပါသည်။ စပိန်ဘာသာအတွက် ၂ ကိုနှိပ်ပါ။ အခြားဘာသာစကားများအတွက် ၈ ကိုနှိပ်ပါ။ ထို့နောက်၊ သင်ပြောသုံးသောဘာသာစကားကို ကိုယ်စားလှယ်ထံ၌ ပြောပြပြီး စကားပြန်နှင့် ချိတ်ဆက်နေစဉ် ဖုန်းကိုင်ထားပါ။